# ခြောက်လှန့်နေသော ကျပ်တစ်သောင်းတန်အတု တစ္ဆေ




'ငွေအတု ခွဲခြားနိုင်သော ဦးနှောက်ရှိသည့် ငွေရေငွေစစ်စက်' ဆို သည့် စာတန်းက လှည်းတန်းလမ်း ဘေးရှိ King လားရှိုးခုနစ်လွှာ ပေါက်စီနှင့် ဘန်ကောက်ကြက်ဆီထမင်းဆိုင်သို့ ဝင်လိုက်ချိန်မှာ ပင် ထင်ရှားစွာ တွေ့ရသည်။ ဆိုင်အဝင်အဝ ကောင်တာ စားပွဲပေါ်ရှိ ငွေရေစက်တွင် ကပ် ထားသော စာတန်း တစ်စောင်ဖြစ် သည်။ ငွေရေစက်ဘေးတွင် အနည်းငယ် သေးငယ်သော ငွေ အတု၊ အစစ် ခွဲခြားသည့် စက်တစ်လုံးက ရှိနေသည်။ လက်ဖက်ရည် ဆိုင်၌ ထိုစက်များရှိနေခြင်းက 'ခဏခဏစိုက်ရလို့ ဒီစက်တွေ ထားတာပါ' ငွေရှင်း ကောင်တာမှ အမျိုးသမီးငယ်လေးက ရှင်းပြ သည်။ လွန်ခဲ့သည့် တစ်နှစ်ကျော် က

စတင်ပြီး စက်များကို တွဲဖက် အသုံးပြုပြီးနောက် ငွေအတုအတွက် ပေးလျော်ရမှု များမရှိတော့ကြောင်းၚင်းက ထပ်မံရှင်းပြသည်။

ငွေစက္ကူအတုများ တွေ့ရှိ သည်၊ ဖမ်းမိသည်ဆိုသည့် သတင်းများက မကြာခဏ ဆိုသလို ထွက် ပေါ်နေပြီး ယခုရက်ပိုင်းအတွင်း စင်ကာပူနိုင်ငံတွင် အိမ်အကူလုပ် ပြီး ပြန်လာသည့် အမျိုးသမီးငယ် လေးထံမှ ကျပ် ၁၀,၀၀၀ တန် အတုများ ဖမ်းမိသည့် သတင်း ကြောင့် ငွေအတုပြဿနာသည် လူထုကြား ပြန်လည် လှုပ်ခတ် လာသည်။ နည်းပညာမြင့်မားလာချိန် တွင် ပရင်တာများက ငွေစက္ကူ အတုတစ်ရွက်ကို အစစ်နီးပါးတူ ညီစေရန် ပြုလုပ်နိုင်သဖြင့် ငွေ အတုပြဿနာကို သတိထားရန် လိုအပ်လာသည်။

မြန်မာနိုင်ငံတွင် ကျပ် ၁၀,၀၀၀ တန်၊ ၅,၀၀၀ တန် ငွေ စက္ကူအတုများနှင့် ဆက်စပ်သော အမှုများက မှုခင်းရဲတပ်ဖွဲ့ (CID) သို့ မကြာခဏရောက်ရှိနေပြီး အများစုသည် ဘဏ်များကလာသည့် အမှုများဖြစ်သည်ဟု အဆိုပါဌာနမှ ရဲအရာရှိကြီးတစ်ဦးက ပြောသည်။ တစ်ရက်လျှင် ငွေအတု နှစ် ရွက်၊ သုံးရွက်တွေ့ရသည်ဟု ၎င်း က ဆိုသည်။ ငွေစက္ကူအတုပြုလုပ်ရာ၌ တန်ဖိုး အကြီးဆုံး ငွေစက္ကူများကို သာ ပြုလုပ်သည်။ ထိုသို့ ပြုလုပ် ရခြင်းသည် အများပြည်သူ အ ကြား သုံးစွဲမှုနည်းခြင်းကြောင့် အစစ်၊ အတု ခွဲခြားသိရှိရန် အား နည်းမှုအပေါ် အခွင့်အရေးယူပြီး လုပ်ဆောင်ခြင်းဖြစ်သည်ဟု ပုဂ္ဂလိကဘဏ် အကြီးတန်းအရာရှိ တစ်ဦးက သုံးသပ်သည်။

ကျပ် ၁၀,၀၀၀ တန် ငွေစက္ကူတစ်ရွက်သည် အခြေခံပြည်သူ တစ်ဦး၏ နေ့စဉ်လှည့်လည်သုံးစွဲ မှုတွင် နည်းပါးသည့် အခန်းကဏ္ဍ ၌သာ ပါဝင်နေသည်။ ထိုကဲ့သို့ အခြေအနေတွင် သာမန် လူတစ် ဦးအနေဖြင့် အတု၊ အစစ်ခွဲခြားရန်ခက်ခဲနေပြီး မသင်္ကာ၍ စစ်ဆေးမှသာ အဖြေထွက်လေ့ရှိသည်။ "တို့ဆီမှာ အရောင်းအဝယ် လုပ်တာက ၁,၀၀၀ တန်၊ ၅,၀၀၀ တန်ပဲ များတယ်။ ၁၀,၀၀၀ တန် က နည်းတယ်။ လယ်သမားက တော့ အတု၊ အစစ် လုံးဝမသိပါ ဘူး' ' ဟု ဓနုဖြူမြို့နယ်နေ လယ် သမား ဦးသိန်းအောင်က ပြော သည်။

မြန်မာနိုင်ငံတွင် ငွေအတု ပြဿနာသည် အစိုးရအဆက် ဆက် ပေါ်ပေါက်ခဲ့သော ပြဿ နာတစ်ခုဖြစ်သည်။ နည်းပညာ မြင့်လာမှုနှင့်အတူ ငွေအတုများ ပေါ်ထွက် နေသော်လည်း ငွေ အတုပြုလုပ်ရာတွင် ဖမ်းဆီးမိနေ ခြင်းက ဗဟိုဘဏ်၏ ငွေအစစ်ကို မီအောင် တုပပြုလုပ်နိုင်ခြင်းမရှိ ကြောင်းဖော်ပြနေ သည်ဟု အ ငြိမ်းစားဗဟိုဘဏ် ဒုတိယဉက္ကဋ္ဌ ဦးသန်းလွင်က သုံးသပ်သည်။

ကျပ် ၁၀,၀၀၀ တန် ငွေစက္ကူကို လက်ခံမည်ဆိုပါက စက္ကူ အသား၊ ပုံနှိပ် ထားသည့်မင်၊ ရေ စာပါသည့် ကြိုးတို့အပြင် အက္ခရာနံပါတ်များ ကြမ်းရှမှုက အစစ်ဖြစ်ကြောင်း ဖော်ပြသည့် အချက်များ ကို သတိပြုနိုင်ကြောင်း ဘဏ် လုပ်ငန်း ကျွမ်းကျင်သူများက အ ကြံပြုသည်။

နိုင်ငံပိုင်ဘဏ်နှင့် ပုဂ္ဂလိက ဘဏ်များသည် ပေးသွင်းသည့် ငွေများတွင် အတုပါရှိပါက ပေး သွင်းသူ၏အမည်၊ မှတ်ပုံတင် နံပါတ်၊ နေရပ်လိပ်စာတို့ကို တိကျစွာရေးသားပြီး နီးစပ်ရာရဲစခန်းသို့ ပေးပို့ရမည်ဟု ၂၀၁၇ မေလ ၃၁ ရက်စွဲဖြင့် မြန်မာနိုင်ငံ ဗဟို ဘဏ်က ညွှန်ကြားစာထုတ်ပြန် ထားသည်။ ယခင်က ငွေစက္ကူအတုများ တွေ့ပါက သုံးစွဲမရရန် ဘဏ်များ က ဖျက်ဆီးသည့်စနစ် ပြောင်းခဲ့ ခြင်းဖြစ်သည်။

မြန်မာနိုင်ငံတော် ဗဟိုဘဏ် က ထုတ်လုပ်နေသည့် ငွေစက္ကူ များသည် ဂျာမနီနိုင်ငံ နည်းပညာ ဖြင့် ဆောင်ရွက်နေပြီး ကျပ် ၁၀,၀၀၀ တန် ငွေစက္ကူသည် နှစ်ရွက်ထပ်ပြီး ဆောင်ရွက်ထား သဖြင့် အတုပြုလုပ်ရန် ခက်ခဲ ကြောင်း ဦးသန်းလွင်က ၎င်း၏ အမြင်ကို ပြောသည်။ "တူအောင်လို့ အတုသမား က မလုပ်နိုင်ပါဘူး။ စက်တွေက လည်း အင်မတန်ရှုပ်ထွေးတယ်။ မင်ဆိုရင်လည်း အစိုးရကိုပဲ ရောင်းတဲ့ မင်မျိုးတွေကို သုံးထား တာလေ' ' ဟု ဦးသန်းလွင်က ရှင်း ပြသည်။

ကျပ် ၁၀,၀၀၀ တန် ငွေစက္ကူအစစ်တွင် အစိမ်း၊ အနီရောင် ပြောင်းလဲနိုင်သည့် ရောင်ပြန်ကြိုး၊ သင်္ကေတ ထုထားသည့် (၁၀၀၀၀ဟု ဖော်ပြထားသည့်) နေရာများ တွင် ချောမွေ့မှုမရှိဘဲ ကြမ်းနေခြင်း၊ ငွေကြိုးမှာ တစ်ဝက်ပေါ်၊ တစ်ဝက်မြုပ်ခြင်း စသည့်အချက် များက အစစ်၏ ထူးခြားချက်ဖြစ် ကြောင်း ဘဏ်လုပ်ငန်းကျွမ်းကျင် သူများက ပြောသည်။ငွေစက္ကူအတုတွင်မူ ထည့်သွင်းထားသော ရောင်ပြန်ကြိုး သည် အနီရောင်ဖြစ်နေခြင်း၊ သင်္ကေတ (၁၀၀၀၀

ဟု ဖော်ပြထားသောနေရာ)၌ ချောမွေ့နေခြင်း၊ ငွေ ကြိုးထည့်သွင်းမှုမရှိခြင်း၊ ငွေစက္ကူ ရေဖြင့် ထိတွေ့ပါကစက္ကူသားလိပ်၍ ကွာကျခြင်းတို့ ဖြစ်ကြောင်း ၎င်းတို့က သုံးသပ် သည်။

"အထက်ပါခွဲခြားနည်းသည် တစ်ရွက်ချင်းတွင်သာ အသုံးဝင် ပြီး ငွေစက္ကူများစွာဖြင့် အရောင်း အဝယ်ပြုလုပ်မှုများတွင် စစ်ဆေး ရန် အခက်အခဲ ရှိကာ ထိုနည်း လမ်းများက မြို့နေလူတန်းစားများ လွယ်ကူစွာ သိရှိ နိုင်သော်လည်း ကျေးလက်နေပြည်သူများ မှာမူ သိနားလည်ရန် ခက်ခဲ သည်။ ငွေပမာဏ များရင် ဘဏ်နဲ့ ချိတ်ဆက်လုပ်ပေါ့။ ဘဏ်က ဝန် ထမ်းတွေ အကူအညီတောင်းပေါ့။ ဘဏ်တွေနဲ့ဝေးတဲ့နေရာ တွေမှာဆိုလည်း အရောင်းအဝယ် လုပ်ရင် ၁,၀၀၀ တန်ကိုပဲ လဲခိုင်း ပြီးမှ၊ ဝယ်ကြမှ အဆင် ပြေမယ်" ဟု ဦးသန်းလွင်က ပြောသည်။ ကျွဲ၊ နွားများ ရောင်းဝယ် ခြင်း၊ ဆန်စပါး စသောကောက်ပဲ သီးနှံ ရောင်းဝယ်ခြင်းတို့တွင် ငွေ လက်ခံယူမည့် တောင်သူလယ် သမားများ သတိထားရန် ဦးသန်း လွင်က အကြံပြုသည်။

ကျပ်ငွေအတုများကို နွားပွဲ ဈေးများ၊ တရားမဝင် သစ်ရောင်း ဝယ်မှုများနှင့် တရားမဝင်ကုန် စည်ရောင်းဝယ်မှုများ၊ လောင်း ကစားဝိုင်းများ စသောတရားမဝင် လုပ်ငန်းများမှ ဖြန့်ချိနိုင်ကြောင်း CID မှ ဒုတိယရဲမှူးကြီးတစ်ဦးက ပြော သည်။ ထို့အပြင် ကျပ် ၁၀,၀၀၀ တန်၊ ကျပ် ၅,၀၀၀ တန် ငွေစက္ကူ အတုများသည် အိမ်နီးချင်း ထိုင်း နှင့် တရုတ်နိုင်ငံ နယ်စပ်တို့မှ တရားမဝင်နည်းလမ်းဖြင့် ဝင်ရောက်နေခြင်းဖြစ်သည်ဟု ၎င်း က ဆိုသည်။ စင်ကာပူနိုင်ငံမှ ကျပ်ငွေအတု အဝင်မှာ ယခင်က မရှိဘဲ ယခုနှစ်မှသာ စတင်ပေါ် ပေါက်လာခြင်းဖြစ်သည်။

ယခုနှစ် နိုဝင်ဘာနှင့် ဒီဇင် ဘာအတွင်း မြန်မာနိုင်ငံသို့ လာ ရောက်လည် ပတ်သည့် စင်ကာပူ နိုင်ငံသား ဇနီးမောင်နှံထံမှ ကျပ် ၁၀,၀၀၀ တန်အတု ၄၅

ရွက်၊ ထိုင်းနိုင်ငံသူထံမှ ကျပ် ၁၀,၀၀၀ တန် အတု ၄၁ ရွက် နှင့် စင်ကာပူနိုင်ငံမှ ပြန်လာသည့် ဒိုက်ဦးမြို့ နယ် လယ်ကြားမြောင် ကျေးရွာ တွင် နေထိုင်သူ တစ်ဦးထံမှ ကျပ် ၁၀,၀၀၀ တန် ငွေစက္ကူ အတု ၁၅၄ရွက်ကို ရဲတပ်ဖွဲ့က တွေ့ရှိ ထား သည်။ အဆိုပါ ဖြစ်ရပ်များ နောက် ဆက်တွဲအဖြစ် ကျပ်ငွေအတုများ လက်ဝယ်ရှိသည်ဟု ယူဆချက် ဖြင့် စင်ကာပူရှိ မြန်မာငွေလဲလှယ် လုပ်ငန်း ၁၈ ခုကို ဒီဇင်ဘာ ၆ ရက်တွင် စင်ကာပူရဲက ဝင်ရောက်စစ် ဆေးခဲ့သည်။

ထို့အပြင် မြန်မာနိုင်ငံရှိ ထိုင်းနိုင်ငံသားများ ကျပ်ငွေလဲလှယ် ရာတွင် ငွေအတုပြဿနာ ကာ ကွယ်နိုင်ရန် မြန်မာနိုင်ငံရှိ ဘဏ်များ (သို့မဟုတ်) ငွေလဲလှယ်ရာ တွင် သက်သေခံအထောက်အ ထား ထင်ရှားသည့် တရားဝင် အသိအမှတ်ပြု ဆိုင်များ၌ လဲ လှယ်ရန် ထိုင်းသံရုံးက ဒီဇင်ဘာ ၃ ရက်တွင် ထုတ်ပြန်ထားသည်။ ကျပ်ငွေအတုပြုလုပ်မှုနှင့် ပတ်သက်၍ စုံစမ်းဖော်ထုတ်ပြီး တရားခံများကို ဖမ်းဆီးရာတွင် တိုက်ရိုက် ဖမ်းဆီးမိသည်များ ရှိသကဲ့သို့ တစ်ဆင့်ပြန်လည်ဝယ် ယူပြီးနောက် ဖြန့်ဖြူးမှုများကို လည်း ဖမ်းဆီးရမိခြင်း ရှိကြောင်း စီအိုင်ဒီမှ ဒုတိယရဲမှူးကြီးက ပြောသည်။ ငွေအတု ဖြန့်ဖြူးသူများက ကျပ် ၁၀,၀၀၀ တန် ငွေအတုတစ် ရွက်ကို ကျပ် ၄,၀၀၀ ဖြင့် ရောင်း ချပေး ကြောင်း ၎င်းက ဆိုသည်။၂၀၁၈ နှစ်ဆန်းပိုင်းက ထိုင်း နိုင်ငံမှ မြဝတီမြို့သို့ ဖြတ်သန်းပြီး ငွေအတုသယ်လာသူများကို စစ် တောင်းတံတားတွင် ဖမ်းဆီးမိပုံ ကိုလည်း ဒုရဲမှူးကြီးက ပြောပြ သည်။

နယ်စပ်မှ ငွေအတုသယ်လာ သူများက ကျိုက်ထိုဈေး၌ ငွေ အတုအနည်းငယ်ကို စမ်းသပ်သုံး စွဲခဲ့ပြီး ရန်ကုန်ဘက်သို့ ဆက် လက်ထွက်ခွာချိန်တွင် ကျိုက်ထို ဈေးသူ၊ ဈေးသားများက မသင်္ကာ ၍ စစ်ဆေးပြီး

ဖုန်းဆက်သတင်း ပေးသဖြင့် ရဲတပ်ဖွဲ့က စစ်တောင်းတံတား၌ ဖမ်းဆီးနိုင်ခဲ့သည်။ လက်ရှိအစိုးရ လက်ထက် သက်တမ်း ၂ နှစ်ခွဲအတွင်း ငွေ အတုပြုလုပ်မှု၊ ငွေအတု ဖမ်းဆီးမှု များ မြန်မာနိုင်ငံဒေသစုံ ဘဏ်များ၌ ငွေအပ်စဉ် တွေ့ရသည့် အမှုက အများစုဖြစ်နေသည်။ ထို့အပြင် ဈေးဝယ်ယူမှု၊ လောင်း ကစားဝိုင်း၊ ကေတီဗီစသည့်နေ ရာများအပြင် အလှူခံပုံးများတွင် လည်း ငွေအတုများ တွေ့ရသည်။

ထို့ကြောင့် ငွေစက္ကူအတု ပြုလုပ်ခြင်းကို အသေးစိတ်စစ် ဆေး၍ ဖမ်းဆီးပြီး ပြင်းထန်စွာ အပြစ်ပေးသင့်သည်ဟု ဘဏ်လုပ်ငန်း အကြံပေး ဦးရဲမင်းဦးက ပြောသည်။ တစ်စွန်းတစ်စတွေ့ရှိမှုများ အပေါ် စနစ်တကျ ဖိဖိစီးစီးဖြင့် အမှုလိုက်ပြီး တိကျသေချာစွာ အရေးယူမှသာ နောက်ပိုင်းတွင် လျော့နည်း နိုင်သည်ဟု ၎င်းက သူ၏အမြင်ကို ပြောသည်။ ကျပ် ၁၀,၀၀၀ တန် ငွေစက္ကူများ ထုတ်ပြီးနောက် အတုပြဿ နာ ပေါ်လာသဖြင့် ပိုမိုလုံခြုံပြီး တုပပြု လုပ်နိုင်ခြင်းမရှိသော ကျပ် ၁၀,၀၀၀ တန် ငွေစက္ကူကို ထပ်မံထုတ်လုပ်ခဲ့သည်။ ကျပ် ၁၀,၀၀၀တန်ပုံစံအသစ်က အရောင်တင် ဆီ (Varnish) သုတ်ထားသည့် ရေစိုခံပုံစံ အသစ်များဖြစ်ပြီး အတုပြုလုပ်ရန် ခက်ခဲသည်ဟု မြန်မာနိုင်ငံ ဗဟိုဘဏ် က ဆိုထားသည်။

မြန်မာနိုင်ငံ၌ ကျပ် ၁၀,၀၀၀တန် ငွေစက္ကူကို ယခင် ဦးသိန်းစိန် အစိုးရ လက်ထက် ၂၀၁၂ ဇွန်လ၁၅ ရက်တွင် စတင် ထုတ်ဝေပြီး နောက် ၂၀၁၅ ဇူလိုင် ၁ ရက်၌ ပုံစံအသစ် ကျပ် ၁၀,၀၀၀ တန်ကို ထပ်မံထုတ်ဝေခဲ့သည်။ မြန်မာနိုင်ငံ ဗဟိုဘဏ်၏ မှတ်တမ်းများအရ ငွေစက္ကူအတု ပျံ့နှံ့မှုပမာဏသည် ၀ ဒသမ ၀၀,၀၅၄ ရာခိုင်နှုန်းသာရှိပြီး ပြည် တွင်း၌ ငွေစက္ကူအတုများ ထုတ် လုပ်ဖြန့်ဖြူးသုံးစွဲမှု မရှိစေရေး၊ ပြည်ပမှ ငွေစက္ကူအတုများ ဝင် ရောက်မှုမရှိစေရေး

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့က ဆောင်ရွက်နေ ကြောင်း ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ က ၂၀၁၇ ဖွန်လ ၁၃ ရက် ပြည် သူ့လွှတ်တော် အစည်းအဝေး၌ ပြောကြားခဲ့သည်။

နိုင်ငံတိုင်းတွင် ငွေစက္ကူ အတုပြဿနာရှိနေသဖြင့် လက်ရှိအခြေအနေက ကျပ်ငွေတန်ဖိုး အပေါ် ထိခိုက်မှုမရှိနိုင်ကြောင်း စီးပွားရေးပညာရှင် ဒေါက်တာ အောင်ကိုကိုက ပြောသည်။ သို့သော် ငွေအတုပြဿနာ များကြောင့် ပြည်သူများ အကြား ဖြစ်ပေါ်နေသည့် သံသယများနှင့် ငွေအတုကြောင့် နစ်နာရမှုများအ တွက် ထိရောက်သည့် ဖြေရှင်းမှု များလည်း လိုအပ်နေသည်။ လက်ရှိ အခြေအနေတွင် ကျပ် ၁၀,၀၀၀ တန်မြင်သည်နှင့် ဈေးဝယ်သူရော ရောင်းသူပါ ပြည်သူ အချို့ကြား အတုဖြင့်တိုးမည့်အရေး ပူပန်နေသည်။ ခရီးသွား လုပ်ငန်းရှင် အချို့ကလည်း ကျပ် ၁၀,၀၀၀ တန်အတုပြဿနာကြောင့် ခရီးသွားလုပ်ငန်း ထိခိုက်မည်ကို စိုးရိမ်နေသည်။

King လားရှိုးခုနစ်လွှာ ပေါက်စီနှင့် ဘန်ကောက်ကြက်ဆီ ထမင်းဆိုင်တွင် စားသောက်ပြီးကျပ် ၁၀,၀၀၀ တန်ဖြင့် ငွေရှင်းမည်ဆိုပါက သင်၏ ပိုက်ဆံကို အတု၊ အစစ် ခွဲခြားသည့် စက်ဖြင့် စစ်ဆေးခံရမည်ဖြစ်သည်။ ယင်းသို့ စစ်ဆေးမှုက စားသုံးသူကို မယုံ ကြည်ခြင်းကြောင့်မဟုတ်ဘဲ ငွေအတုများရရှိမည်ကို စိုးရိမ်ခြင်း ကြောင့်ဖြစ်သည်ဟု ငွေရှင်းကောင်တာရှိ အမျိုးသမီးငယ်လေးက ရယ်လျက်ရှင်းပြသည်။

**Credit - အောင်သစ်လွင် ( 7Day )**